သမိုင်း
စာစဉ် ၃



# ဗိုလ်ချုပ်အောင်ဆန်း ၏ လွတ်လပ်ရေး ကြိုးပမ်းမှု ရက်စဉ် မှတ်တမ်း




မောင်ခေတ်ထွန်း
ပြုစုသည်

Graphic Design @ Maung Myint Lwin

## စာရေးသူ၏ အမှာစာ

သောင်ကမ်းမို့မို့ဆီက ၊

ဖောင်နန်းကူးတို့နှင့်

အကြေဒဂုန်တည်း ဟူသော

ရေစုန်မျောလေရဲ့၊

သြော်. . . . . တောင်နန်း မြောက်နန်းအဆောင်

ဆောင်ကြငှန်းနှင့်၊

အခေါင်မမြန်းရခင်က အောင်ပန်းညို့ရရှာတဲ့၊

အောင်ဆန်းတို့ သေပုံနှမြော။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း

(အာဇာနည်ဗိမာန် ဌိကာမှ လေးချိုးကြီး)

ယခု ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဆိုလျှင် အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသာ သက်ရှိထင်ရှား ရှိနေမည်ဆိုပါက အသက်၁၀၀ ရှိမည့်ဗိုလ်ချုပ်အောင်ဆန်းအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ သို့သော် မသမာသူများ၏ လက်ချက်

ကြောင့် အသက်၃၂ နှစ်အရွယ် ငယ်ငယ်ရွယ်ရွယ်နှင့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေတုန်း ကျဆုံးခဲ့ရရှာလေသည်။ ယနေ့ထက်တိုင် ပြည်သူများအားလုံး ဝမ်းနည်းကြေကွဲ နှမြောတမ်းတမဆုံး ရှိနေကြဆဲဖြစ်သည်။ အစားထိုး၍မရသော နိုင်ငံ့ခေါင်းဆောင်အဖြစ် မော်ကွန်းထိုး ချီးကျူးလေးစားနေကြဆဲဖြစ်သည်။ လူတိုင်း၏ ရင်ထဲတွင် သူ့အမည်သည် အစဉ်အမြဲတည်ရှိနေကာ ကမ္ဘာဆုံးတိုင် မကွယ်ပျောက်နိုင်ဘဲ မွှေးပျံ့ကြိုင်လှိုင်နေမည်သာဖြစ်သည်။

ဤစာအုပ်တွင် အာဏာ မမက်၊ အတ္တ မဖက်၊ ကိုယ်ကျိုးမရှာ၊ သီလ သမာဓိ ပညာ သတ္တိနှင့် ပြည့်စုံပြီး အမှန်တရားကို ချစ်မြတ်နိုး၍ ဦးထိပ်ပန်ဆင်ကာ အမှန်တရားဘက်က ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့သည့် မျိုးသားခေါင်းဆောင် လွတ်လပ်ရေး ဗိသုကာဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးအတွက်စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပုံများကို ကွယ်လွန်သည်အထိ ရက်စဉ်အလိုက် ကြိုးစားဖော်ပြထားပါတယ်။

'ဗိုလ်ချုပ်အောင်ဆန်း၏လွတ်လပ်ရေးကြိုးပမ်းမှု ရက်စဉ်မှတ်တမ်း' စာအုပ်ပြုစုရာတွင် လိုအပ်သော အချက်အလက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုအကြောင်း ကိုးကားရပါသဖြင့် အဆိုပါ စာအုပ်စာတမ်းများကို ရေးသားခဲ့ကြသူအားလုံးအားလည်းကောင်း၊ လိုအပ်သည့် စာအုပ်များကို ငှားရမ်း ကြည့်ရှုခွင့်ပြုသည့် ဦးကြည်ဝင်း (လောကအမွန် စာကြည့်တိုက်) အားလည်းကောင်း စာအုပ်ကို သေသပ်ကျနစွာ ထုတ်ဝေပေးသည့် ဦးမြင့်လွင် (အပြုံစင်မဂ္ဂဇင်း) အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်

ဆန်း၏ နှစ်(၁၀၀) ပြည့် မွေးနေ့တွင် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဤစာအုပ်ကို ပြုစုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ကျေးဇူးဂုဏ်ကို အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင် ဖော်ပြခွင့်ရရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

မောင်ခေတ်ထွန်း။

*

# Invictus

Out of the night that covers me,

• Black as the pit from pole to pole,

I thank whatever gods may be

For my unconquerable soul.

• In the fell clutch of circumstance

I have not winced nor cried aloud.

Under the bludgeonings of chance

• Beyond this place of wralh and tears

Looms but the Horror of the shade,

And yet the menace of the years

Finds, and shall find, me unafraid.

• It matters not how strait the gate,

How charged with punishments the scroll,

I am the master of my fate:

I am the captain of my soul.

William Ernest Henley (1849-1903)

*

# အနိုင်မခံ

ငါ့အား ဖုံးလွှမ်းထားသော လကွယ် သန်းခေါင် ဤမှောင်မိုက်တွင်းမှ နေ၍ အနိုင်မခံ အမရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါ ကျေးဇူးဆိုပါ၏။

လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်တွင်းသို့ ကျရောက်နေရသော်လည်း ငါကား မတုန်လှုပ် ၊မငိုကြွေး။ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ့ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကားမညွတ်။ ဤဒေါသ၊ လောဘတို့ ကြီးစိုးရာ ဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငံ့လင့်လျှက်ရှိ၏။ သို့သော်လည်း ငါ့အား မတုန်လှုပ်သည်ကိုသာ တွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကိုသာ တွေ့ရအံ့။

သုဂတိသို့သွားရာ တံခါးသည် မည်မျှ ကျဉ်းမြောင်းသည် ဖြစ်စေ ယမမင်း၏ ခွေးရေ ပုရပိုက်၌ ငါ့အပြစ်ကို မည်မျှပင် များစွာ မှတ်သားထားသည် ဖြစ်စေ ငါကား ဂရုမပြု၊ ငါသာလျှင် ငါ့ကံ၏ အရှင်သခင် ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်လေသည်။

[William Ernest Henley ၏ Invictus ကဗျာကို

**တက္ကသိုလ် သမဂ္ဂ၏ 'အိုးဝေ မဂ္ဂဇင်း'၊ အတွဲ ၆၊ အမှတ် ၁၊**

**၁၂၉၈ ခု ၊တော်သလင်းလ (ခရစ်နှစ် ၁၉၃၆) တွင် မြန်မာပြန်ထား**

သော

အိုးဝေ မဂ္ဂဇင်း စာတည်း မောင်ညိုမြ၏ ခေါင်းကြီးပိုင်း။]

*

# ဗိုလ်ချုပ် အောင်ဆန်း၏ လွတ်လပ်ရေး ကြိုးပမ်းမှု ရက်စဉ် မှတ်တမ်း(က)

**၁၉၁၅ ခုနှစ် ၊ဖေဖော်ဝါရီလ ၁၃ ရက်။**

မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် တပေါင်းလဆန်း(၁) ရက် ၊ စနေနေ့ နံနက်လင်းအားကြီးအချန်၌ နတ်မောက်မြို့တွင် အဖ ဦးဖာ (ဒုတိယ တန်းရှေ့နေ) အမိဒေါ်စုတို့မှ ဖွားမြင်၍ မွေးချင်း ကိုးယောက်အနက် အငယ်ဆုံးဖြစ်သည်။ အစ်မသုံးယောက်၊ အစ်ကို ငါးယောက်ဖြစ်သည်။ စနေသားဖြစ်၍ ရက်ချုပ်ဇာတာတွင် ထိန်လင်းဟု မှည့်ခေါ်ကြသော်လည်း မွေးချင်းပေါက်ဖော်များအနက် သူ့ထက် အကြီးသားမှာ အောင်သန်းဟု မှည့်ခေါ်ထား၍ သူ့ကို အောင်ဆန်းဟုပင် အများက ခေါ်ဝေါ်ခဲ့ကြသည်။

ဗိုလ်ချုပ် အောင်ဆန်းက လူ့ပြည်သို့ရောက်ရှိလာပုံကို သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၌-ဖေဖော်ဝါရီလ ၁၃ ရက်ကား နာမည်ကျော် နက္ခတ်ဗေဒဆရာကြီး ကိုင်ရို၏ ဟောပြောချက်အရဆိုလျှင် တိုင်းပြည် တစ်ပြည်၏ အစိုးရ၊ နန်းတို့ကို ဖြိုဖျက်နိုင်စွမ်းသောသူများ မွေးတတ် သောနေ့ဟု ဟောထားလေသည်။ ထိုနေ့တွင် မွေးသော ကျွန်တော့်မှာ သူပုန်လောင်းလေးဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြား မ ထင်ခဲ့ကြချေ။ ကျွန်တော်၏ ဇာတာနာမည်မှာ ထိန်လင်း ဖြစ်လေသည်။ သို့သော် ကျွန်တော့်အထက် အစ်ကိုအောင်သန်းနှင့် နာမည်လိုက်အောင်

အောင်ဆန်းဟု နာမည်တွင်လေသည် ဟု ရေးသားခဲ့သည်။

အဘွားဒေါ်သူဇာနှင့် ဘကြီး ဦးမင်းဇင်တို့၏ ပြောပြချက်များအရ မောင်အောင်ဆန်းတို့၏အဘိုး ဦးမင်းရောင်၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကို မောင်အောင်ဆန်းတို့ ညီအစ်ကို သားချင်းများမှာ ငယ်စဉ်ကတည်းက ကြားသိခဲ့ရာ မောင်အောင်ဆန်းသည် အဘိုးလေး၏ သတ္တိနှင့် အရည်အချင်းကို အားကျခဲ့သည်။

**၁၉၂၂ - ၂၈ ခုနှစ်။**

အသက်ခုနစ်နှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတ ကျောင်းတွင် နေခဲ့သည်။ သူငယ်တန်းမှ ဆဋ္ဌမတန်း အောင်မြင်သည် အထိ ပညာသင်ယူသည်။

**၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ။**

စတုတ္ထတန်း အောင်မြင်သည်။ တန်းကျော်တက်ခွင့်ရ၍ ဆဋ္ဌမတန်းသို့ ပညာတက်ရောက်သင်ကြားသည်။

**၁၉၂၉ ခုနှစ်၊ မတ်လ။**

ဆဋ္ဌမတန်း အောင်မြင်သည်။

**၁၉၂၉ ခုနှစ် ဇွန်လ။**

ရေနံချောင်းမြို့ ၊ အမျိုးသား အထက်တန်းကျောင်းရှိ သတ္တမတန်းတွင် ပညာသင်ကြားသည်။ မောင်အောင်ဆန်း ခုနစ်တန်းကျောင်းသား ဘဝကပင် ပန်းချီဆွဲ ဝါသနာပါခဲ့သည်။ သူသည် ထိုခေတ်က ထင်ရှား

သော ပုဂ္ဂိုလ်များ၏ ရုပ်ပုံများကို ရေးဆွဲထားသည်ကို တွေ့ရသည်။

## ၁၉၃၀ ပြည့်နှစ် ၊ မတ်လ။

သတ္တမတန်းစာမေးပွဲဖြေဆိုသည် ။ အစိုးရ ပညာသင်ဆုနှင့် ဦးရွှေခိုဆု ရရှိအောင်မြင်သည်။ တစ်လလျှင် ကျပ် ၁၀ ဖြင့် သုံးနှစ်အတွက် စကောလားရှစ်ရသည်။ သတ္တမတန်း စာမေးပွဲတွင် မြန်မာတစ်ပြည်လုံးရှိ အမျိုးသားကျောင်းမှ ကျောင်းသားများထဲတွင် နဝမအဆင့်မှ အောင်မြင်၍ မကွေးတိုင်းတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

## ၁၉၃၀ ပြည့်နှစ် ဇွန်လ။

အဋ္ဌမတန်းတွင် ပညာသင်ကြားသည်။ အဋ္ဌမတန်း ကျောင်းသားဘဝတွင် ကျောင်း၌ တစ်ယောက်တည်း စဉ်းစားတွေးတောခြင်းဖြင့် သော်လည်းကောင်း ၊ စာအုပ်နှင့် မျက်နှာအပ်လျက်သော်လည်းကောင်း အမြဲရှိတတ်သည်။ အချိန်များစွာတွင် စာအုပ်ကို စွဲလမ်းစွာ ကြည့်ရှုတတ်သည်။ ကိုအောင်ဆန်းနှစ်သက်သော စာအုပ်မှာ ဗမာရာဇဝင် နှင့် ပို့၊ ကဗျာ ၊ လင်္ကာ စာအုပ်များဖြစ်သည်။ ပို့၊ ကဗျာ ၊ လင်္ကာ စာအုပ်များကို အာဂုံဆောင်နိုင်သည်အထိ ကြည့်ရှု ဖတ်နေလေ့ရှိသည်။

## ၁၉၃၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်။

ဖခင်ဖြစ်သူ ဦးဖာ နှစ်လမျှ နာမကျန်းဖြစ်ပြီးနောက် ကွယ်လွန်ခဲ့သည် ။ ၁၆ နှစ်သားအရွယ် မောင်အောင်ဆန်းသည် ကလေးဘဝမှာပင် ရေနံချောင်း ကျောင်းသားသမဂ္ဂအတွင်းရေးမှူးအဖြစ်သို့ လည်းကောင်း၊

စကားအချေအတင် ပြောပွဲများ၌ ကျောင်းသားများအား ဝံသာနု စိတ်ဓာတ်ပြည့်ဝအောင် ဆွဲဆောင်ပြောဆိုနိုင်သော၊ အမြင်ကျယ်သော ကျောင်းသားကြီးဘဝသို့ လည်းကောင်း ချင်းနင်းဝင်ရောက်ခဲ့သည်။

ကျောင်းသားသမဂ္ဂ အစည်းအဝေးတစ်ခုတွင် ကျောင်းသားအချို့က မောင်အောင်ဆန်းကို စကားအနည်းငယ်ပြောရန် တိုက်တွန်းသဖြင့် စကားထပြောရာ 'ကျောင်းသားများသည် ကျောင်းစာကို ကုန်းဖတ်ရုံနှင့် အမျိုးသားကျောင်းသားတို့၏ တာဝန်ကျေပွန်ပြီဟု မဆိုနိုင်ကြောင်း၊ တိုင်းပြည်ကို ကျွန်သံသရာဝဲသြဃမှ မည်သို့ ကယ်တင်ရပါမည်နည်း ဆိုသော ပြဿနာကိုလည်း စဉ်းစားသင့်ကြောင်း ၊ ထို့ပြင် ရာဇဝင်သင်ခြင်း၏ ရည်ရွယ်ချက် အသစ်တစ်မျိုးကို အဓိပ္ပာယ်ဆောင်ရမည် ဖြစ်ကြောင်း၊ ထိုအဓိပ္ပာယ်မှာ ရာဇဝင်သင်သူသည် ရာဇဝင်အကြောင်းကို သိနားလည်ရုံသာမဟုတ် ၊ရာဇဝင်ဖန်တီးသူ (ဝါ) ရာဇဝင်ပြုလုပ်သူ အဖြစ်သို့လည်း မိမိကိုယ်ကိုယ် ရောက်စေရမည်ဖြစ်ကြောင်း ' စသည်ဖြင့် နာရီဝက်ခန့် သွက်သွက်လက်လက် ပြောကြားခဲ့သည်။

## ၁၉၃၂ ခုနှစ်၊ မတ်လ။

၁၀ တန်းစာမေးပွဲဖြေဆိုသည်။ ထိုအခါ ရေနံချောင်းတွင် စာစစ်ဌာန မရှိသဖြင့် ရေနံချောင်း ကျောင်းသားများသည် မင်းဘူးစာစစ်ဌာနသို့ သွားရောက်ဖြေကြသည်။ ပါဠိနှင့် မြန်မာဂုဏ်ထူးဖြင့် ၁၀ တန်း အောင်သည်။ စာကြိုးစားသော၊ စာပေကို မြတ်နိုးသော မောင်အောင်ဆန်းသည် အမျိုးသားကျောင်း၌ လေးနှစ်မျှ ပညာသင်ကြားခဲ့ရုံမျှဖြင့် ၁၀ တန်းကို ထူးချွန်စွာအောင်မြင်ခဲ့လေသည်။

## ၁၉၃၂ ခုနှစ်၊ ဇွန်လ။

ရန်ကုန်တက္ကသိုလ် ဥပစာ ဝိဇ္ဇာတန်း၌ တက်ရောက် ပညာသင်ကြားသည် ။ ပထမနှစ် ဥပစာဝိဇ္ဇာ ဘာသာရပ်များအဖြစ် ပင်ရင်း အင်္ဂလိပ်စာ၊ အပိုမြန်မာစာ ၊ ပါဠိနှင့် ရာဇဝင်တို့ကို သင်ယူသည်။ အဆောင်နေ ကျောင်းသားတစ်ယောက် ဖြစ်ပြီး ပဲခူးကျောင်းဆောင်၊ မြေညီထက် လှေကားရင်း ညာဘက်၊ အခန်း(၁၅) ၌ နေထိုင်ရသည်။ ဥပစာဝိဇ္ဇာပထမနှစ် သင်တန်းသို့ တက်ရောက်စဉ် ကျောင်းဖွင့်စအချိန်တွင် အတန်းမှန်မှန်တက်သော်လည်း နှစ်ကုန်ခါနီးတွင် အတန်းမှန်မှန် မတက်တော့ချေ။ သူသည် အခန်းတံခါးပိတ်၍ မှန်ရှေ့တွင် တစ်ယောက်တည်း အင်္ဂလိပ်စကား ပြောနေလေ့ရှိသည်။

ကိုအောင်ဆန်းသည် ပထမနှစ် သင်တန်းပြီးဆုံးချိန် စာမေးပွဲ နီးလာသော်လည်း သူဝါသနာပါသည့် အင်္ဂလိပ် စကားပြော လေ့ကျင့်ခြင်း။ ဖတ်လိုသည့် စာအုပ်များကို ဖတ်နေခြင်း။ ဟောပြောပွဲများ ၊ စကားရည်လုပွဲများသို့ တက်ရောက်ပြောဆိုခြင်းတို့ကိုသာ ပြုလုပ်မြဲ ပြုလုပ်နေသည်။ သို့သော် နှစ်ကုန်၍ စာမေးပွဲဖြေဆိုသောအခါ ပထမနှစ်ကို ကောင်းစွာ အောင်မြင်ခဲ့သည်။

## ၁၉၃၄ ခုနှစ်၊ ဇွန်လ။

အပြော အဟော ကောင်းရန်လေ့ကျင့်ခြင်း၊ ဖတ်ရှုလိုသည့် စာပေများကို ရှာဖွေ ဖတ်ရှုခြင်းတို့ဖြင့် ဥပစာ ဒုတိယနှစ်ကို ကုန်လွန်ခဲ့သော်လည်း ထိုနှစ် စာမေးပွဲကို ခုံအမှတ် ၂၃၁ ဖြင့် ချောမောစွာ အောင်မြင်သည်။

ဥပစာ ဒုတိယနှစ် စာမေးပွဲဆိုသည်မှာ ပထမနှစ်တွင် သင်ခဲ့ရသော စာများနှင့် ဒုတိယနှစ်တွင် သင်ကြားသော စာတို့ကိုပေါင်း၍ နှစ်နှစ်စာ

အတွက် ဖြေဆိုရသော စာမေးပွဲကြီးဖြစ်သည်။

ဝိဇ္ဇာ ပထမနှစ် (ဘီအေ ဂျူနီယာ) တွင် တက်ရောက်သည် သင်ယူသည်။

## ၁၉၃၅ ခုနှစ်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ ၁၉၃၅ -၃၆ အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အရွေးခံရသည်။ ပြန်ကြားရေးဌာန တာဝန်ခံအဖြစ် ဆောင်ရွက်သည်။ သမဂ္ဂ၏ ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်စဉ်က သမဂ္ဂ အယ်ဒီတာတာဝန်ကို ယူခဲ့သည်။ သူသည် နေ့မအား ၊ ညမအား တက္ကသိုလ် သမဂ္ဂအလုပ်၌သာ အချိန်ကုန်ခဲ့သည်။

ကိုအောင်ဆန်း သမဂ္ဂ၏ ပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်စဉ်က ကိုသိန်းတင် (ညိုမြ) နှင့် တိုင်ပင်ကာ ယခင် 'ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ မဂ္ဂဇင်း ' အမည်အစား 'အိုးဝေ မဂ္ဂဇင်း' အမည်အဖြစ် ပြောင်းလဲခဲ့သည်။

## ၁၉၃၆ ခုနှစ်၊ ဇန်နဝါရီလ ၃ဝရက်။

တက္ကသိုလ်ကျောင်းသားများ သမဂ္ဂမှ ကြီးမှူးကျင်းပသော စကားရည်လုပွဲ၌ သဘာပတိကိုနု (တကသ ဥက္ကဋ္ဌ) က 'ကျောင်းအုပ်ကြီးသည် ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဝင်ရောက်စွက်ဖက်နေကြောင်း၊ ကျောင်းသားများ၏။ ကျွန်စိတ်မွေးမှုနှင့် ကြောက်စိတ်များကို ပယ်ဖျောက်ပစ်သင့်ကြောင်း ' စသည်ဖြင့် တက္ကသိုလ်အုပ်ချုပ်ရေး အာဏာပိုင်များ၏ အပြစ်နှင့် ချို့ယွင်းချက်များကို ဝေဖန်ပြောဆိုသည်။

## ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှ 'အိုးဝေ' မဂ္ဂဇင်း၊ အတွဲ - ၅ အမှတ် -၁ (၁၉၃၆ခုနှစ် ၊ဇန်နဝါရီလ။) ကိုထုတ်ဝေသည်။ မဂ္ဂဇင်းတွင် ကျောင်းအုပ် မစ္စတာ စလော့ဒ်နှင့် ကပ်ကာ မျိုးချစ်ကျောင်းသားများကို အထူး ချောက်တွန်းနေသော ဆရာတစ်ဦးအား ငရဲခွေးနှင့် နှိုင်းကာ ညို မြခေါ် ကိုသိန်းတင်၏ ယမမင်း ကလောင်အမည်ဝှက်ဖြင့် အိုးဝေ မဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော 'Hell –Hound At Large (ငရဲခွေးကြီး လွတ်နေပြီ)' ဆောင်းပါးကို ထည့်ပေးခဲ့သည်။ ထို ဆော င်း ပါး သ ည် တက္ကသိုလ်အာဏာပိုင်များကို ပုတ်ခတ်ထားသော ဆောင်းပါးဖြစ်ရာ မစ္စတာစလော့ဒ်က အယ်ဒီတာ ကိုအောင်ဆန်းကို ဆောင်းပါးရေးသူကို ဖော်ထုတ်ပေးရန် တောင်းဆိုသည်။ ဖော်ထုတ်မ ပေးပါက ကျောင်းထုတ်ခံရမည်ဟု ဆိုသည်။

သို့ရာတွင် ချော့၍လည်း မပျော့ ၊ ခြောက်၍လည်း မကြောက်တတ် သော ကိုအောင်ဆန်းက တက္ကသိုလ် အာဏာပိုင်အဖွဲ့ဝင် လူကြီးများ အား 'Journalistic etiquette prevents me from revealing the name of the author . (အယ်ဒီတာတို့မည်သည် ဆောင်းပါးရှင်တို့၏ အမည် ကို ထုတ်ဖော်ပြောဆိုရိုး ထုံးစံမရှိ။) ဟုဆိုကာ ဆောင်းပါးရေးသူ၏ အမည်ကို ဖော်ပြရန် ငြင်းဆိုခဲ့သည်။

တက္ကသိုလ် အာဏာပိုင်များသည် "ငရဲခွေးကြီး လွတ်နေပြီ" ဆောင်းပါးရေးသူ၏ အမည်မှာ ကိုညိုမြ ဖြစ်ကြောင်း သိထားပြီး ဖြစ် သော်လည်း အိုးဝေအယ်ဒီတာဖြစ်သော ကိုအောင်ဆန်း၏ တရားဝင် ထုတ်ဖော်မှုကို လိုလား၍ ကိုအောင်ဆန်းအား ခေါ်၍မေးခြင်းဖြစ်သည်။

၁၉၃၆ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၁ ရက်။

သမဂ္ဂ ဥက္ကဋ္ဌ ကိုနု၏မိန့်ခွန်းကြောင့် ကိုနုအားကျောင်းထုတ်လိုက်သည့်အကြောင်း ကျောင်းအုပ်ကြီး မစ္စတာစလော့ဒ်က ကိုနုထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

၁၉၃၆ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၃ ရက်။

တက္ကသိုလ်ကျောင်းသားသမဂ္ဂအမှုဆောင် အစည်းအဝေးကို ကျင်းပကာ ဥက္ကဋ္ဌ ကိုနုကျောင်းထုတ်လိုက်ခြင်းကို အဓိကထား ဆွေးနွေးကြသည်။ ကိုနုကို ကျောင်းထုတ်လိုက်ခြင်းသည် ကိုနု တစ်ဦးတည်းနှင့်သာ ဆိုင်သည်မဟုတ်။ သမဂ္ဂအမှုဆောင် တစ်ဖွဲ့လုံးနှင့် ကျောင်းသားအားလုံး၏ ကိစ္စဖြစ်၍ သမဂ္ဂအမှုဆောင် အဖွဲ့များသည် ကိုနုအား စာနာသည့် သဘောဖြင့် ကျောင်းကို ကိုယ်ချင်းစာသပိတ်(Sympathetic Strike) မှောက်မည်ဟု သမဂ္ဂ အမှုဆောင် ကိုထွန်းအုံက တင်ပြရာ သမဂ္ဂအတွင်းရေးမှူး ကိုသိဟန်က ထောက်ခံသည်။

၁၉၃၆ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၄ ရက်။

မြန်မာသတင်းစာများ၌ ကိုနုကို ကျောင်းထုတ်လိုက်သည့်အကြောင်း စာလုံးမည်းမည်းကြီးနှင့် ပါလာသောအခါ ကျောင်းသားများ သပိတ်မှောက်ရန် ပြင်ဆင်လာကြသည်။

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်။

မကျေနပ်မှု နစ်နာမှုတိုဖြင့် ရင်ဆိုင်နေကြသော ကျောင်းသားများသည် တက္ကသိုလ်သမဂ္ဂသို့ စုရုံးလာရောက်၍ ရန်ကုန်တက္ကသိုလ် ကျောင်းသားထုအစည်းအဝေး ကျင်းပသည်။ သမဂ္ဂခန်းမဆောင်ကြီး

တစ်ခုလုံးနှင့် အပြင်ဘက်တွင်ပါ ကျောင်းသားများဖြင့် ပြည့်လျှံသွားသည်။ ကိုနုနှင့်မစ္စတာရာရှစ်တို့က ကျောင်းသားထုအား အခြေအနေကို ရှင်းလင်းပြောကြားကာ ကိုအောင်ဆန်းက အင်္ဂလိပ်ဘာသာဖြင့် သွက်သွက်လက်လက် ထိထိမိမိ ဟောပြောသည်။ သမဂ္ဂဥက္ကဋ္ဌနှင့် ခေါင်းဆောင်အချို့သည် မိမိတို့ အမှုဆောင်များကသာ စာမေးပွဲကို သပိတ်မှောက်မည်ဟု ဆုံးဖြတ်ထားကြသော်လည်း ကျောင်းသာထု၏ စိတ်ဓာတ်သည် တက်ကြွထက်သန်နေသဖြင့် ထိုနေ့ ညနေတွင် တက္ကသိုလ်ကို သပိတ်မှောက်လိုက်ကြသည်။ ကျောင်းသား ကျောင်းသူ ပေါင်း ၇၀၀ ကျော် သပိတ်မှောက်သည်။ ထို့နောက် ရွှေတိဂုံဘုရားသို့ ချီတက်ကြကာ သပိတ်စခန်း ဖွင့်လိုက်ကြသည်။

## ၁၉၃၆ ခုနှစ် ၊ဖေဖော်ဝါရီလ ၂၆ ရက်။

တက္ကသိုလ်သပိတ်ကြီးသည် မြန်မာတစ်ပြည်လုံးရှိ ကျောင်းသားများသို့ ပျံ့နှံ့သွားကာ ရန်ကုန်မြို့နှင့်တကွ နယ်ရှိ အစိုးရ တန်းမြင့်ကျောင်းများကပါ ဝိုင်း၍ သပိတ်မှောက်ကြသည်။ ပြင်ပမျိုးချစ် ပုဂ္ဂိုလ်များနှင့် အမျိုးသားသတင်းစာများကလည်း သပိတ်ကိုအားပေးကြသည်။

ကိုအောင်ဆန်းနှင့် သခင်လေးမောင် အပါအဝင် သပိတ်မှောက်ကောင်စီက အချက် ၁၀ ချက်ပါဝင်သော ကျောင်းသားတို့၏ တောင်းဆိုချက်ကို ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးရုံးသို့ပို့သည်။ အဆိုပါ တောင်းဆိုချက်များ မရမချင်း သပိတ်မှောက်၍ နေကြရန် ဆုံးဖြတ်သည်။

ထိုကဲ့သို့ ကျောင်းသားများ ညီညွတ်စွာ သပိတ်မှောက်ခြင်းကြောင့် သပိတ်ကိုစုံစမ်းရန် ကော်မတီခန့်၍ စုံစမ်းခြင်း ၊တက္ကသိုလ် ဥပဒေကို

ပြင်ဆင်ရန် ကော်မတီဖွဲ့စည်းခန့်ထားခြင်းဖြင့် ပညာရေးဝန်ကြီး ဒေါက်တာဘမော်က ကျောင်းသားသပိတ်ခေါင်းဆောင်များနှင့် အကြိမ်ကြိမ်တွေ့ဆုံ၍ ကျေနပ်အောင် ရှက်ဆောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင်သာမက တစ်နိုင်ငံလုံးတွင်လည်း သပိတ်တိုက်ပွဲများ ဆင်နွှဲခဲ့သဖြင့် အာဏာပိုင်များက စာမေးပွဲကိုရွှေ့ဆိုင်းလိုက်ပြီး ကိုနုနှင့် ကိုအောင်ဆန်းအား ကျောင်းထုတ်ခြင်းကို ဖျက်သိမ်းကာ ကျောင်းပြန်ဝင်ခွင့် ပေးလိုက်သည်။

သို့ရာတွင် သပိတ်ခေါင်းဆောင် ကိုနုသည် ကျောင်းသို့ ပြန်မဝင်ဘဲ ကာလကြာသောအခါ နောက်ဆုံး၌ တို့ဗမာအစည်းအရုံးသို့ ကိုအောင်ဆန်း ၊ ကိုသန်းထွန်းနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သည်။

## ၁၉၃၆ ခုနှစ် ၊မေလ ၈-၉ ရက်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂပထမအကြိမ် ကွန်ဖရင့်ကို ဂျူဗလီခန်းမ(ရွှေတိဂုံ ဘုရားလမ်းတွင် တည်ရှိခဲ့သော သမိုင်းဝင် အဆောက်အဦကြီး ၊ ဖြိုဖျက်ခံရပြီး ယခု တပ်မတော် သမိုင်းပြတိုက်) ၌ ကျင်းပသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကို စတင်ဖွဲ့စည်းသည် ။ သပိတ်မှောက်ခေါင်းဆောင် မစ္စတာရာရှစ်ကို ဥက္ကဋ္ဌ၊ ကိုအောင်ဆန်းကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်၍ ထိုအစည်းအဝေး၌ အမျိုးသား ပညာရေးအဖွဲ့ချုပ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရန် အမျိုးသားတက္ကသိုလ်တည်ထောင်ရန် တိုင်းရင်းသားကျောင်းသားများနှင့် လူမျိုးခြား ကျောင်းသားများ သွေးစည်းရန် စသည်တို့ကို ဆုံးဖြတ်ကြသည်။

ကိုအောင်ဆန်းသည် ကျောင်းသို့ပြန်လာ၍ ဘီအေ စီနီယာတန်းသို့

ပြန်တက်ကာ ပဲခူးဆောင်၊ အခန်း ၁၁၃ တွင် နေထိုင်ခဲ့ပြီး ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ်လည်းဆောင်ရွက်သည်။ ပဲခူးဆောင် သဟာယအသင်း ဖွင့်ပွဲတွင် ဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် အမှုဆောင်များက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ပင့်ဖိတ်၍ မြန်မာစာပေယဉ်ကျေးမှုကို ဟောပြောစေသည်။

## ၁၉၃၆ ခုနှစ် ၊မေလ ၁၀ ရက်။

ကျောင်းသားတို့၏ တောင်းဆိုချက်ကို အာဏာပိုင်တို့က လိုက်လျောသဖြင့် ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကောင်စီက သပိတ်လှန်သည့်အတွက် ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ် ပြီးဆုံးသည်။ ကိုအောင်ဆန်းသည် သမဂ္ဂလုပ်ငန်းများကို မနားမနေ ဆောင်ရွက်သောကြောင့် စာမေးပွဲနီးလာသည့်အခါ ဆေးရုံတက်ရရာ ဘီအေ စီနီရာ စာမေးပွဲကို ဆေးရုံမှဖြေဆို၍ ဝိဇ္ဇာစာမေးပွဲကို ခုံအမှတ် ၅၆ ဖြင့် အောင်မြင်သည်။

အင်္ဂလိပ်စာကို အထူးလေ့လာလိုက်စားသောကြောင့်လည်းကောင်း၊ နိုင်ငံရေး လိုက်စားသူ ဖြစ်သောကြောင့်လည်းကောင်း နိုင်ငံရေး သိပ္ပံဘာသာရပ်နှင့် ခေတ်သစ် အနောက်တိုင်း ရာဇဝင် ဘာသာရပ်တို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

## ၁၉၃၆ ခုနှစ် ၊ ဇွန်လ ၂၇-၂၉ ရက်။

တို့ဗမာအစည်းအရုံး၏ ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်ဖရင့် ကို မြင်းခြံမြို့ လယ်ရှိ ကိုးခန်းတန်ဆောင်း၌ ကျင်းပသည်။ ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်၍ ဥက္ကဋ္ဌအဖြစ် သခင်

လေးမောင်ကိုရွေးချယ်ခဲ့သည်။ ထိုနေ့ ဇွန်လ ၂၉ ရက်နေ့တွင် သခင်ဗစိန် ၊သခင်ညီ၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် သခင်ထွန်းမြင့်တို့ အဖမ်းခံရသည်။

### ၁၉၃၇ ခုနှစ်။

ဥပဒေ ပထမနှစ်သို့တက်ရောက် သင်ကြားသည် ။ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အရန် အမှုဆောင်အဖွဲ့နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

### ၁၉၃၇ ခုနှစ် နိဝင်ဘာလ။

နဂါးနီ စာအုပ်အသင်းကို သခင်နု ၊ ကိုအုန်းခင်နှင့် သခင်သန်းထွန်းတို့ ဦးဆောင်၍ တည်ထောင်သည်။

### ၁၉၃၈ ခုနှစ်။

ကိုအောင်ဆန်းသည် ၁၉၃၈-၃၉ ခုနှစ်အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

### ၁၉၃၈ ခုနှစ်၊ ဧပြီလ ၂၄-၂၅ ရက်။

ပုသိမ်မြို့တွင် ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံတွင် ရန်ကုန်တက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌလည်းဖြစ် ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌလည်းဖြစ်သည့် ကိုအောင်

ဆန်းသည့် ကျောင်းသားများ နိုင်ငံရေးတွင် ပါဝင်လုပ်ကြရန်၊ မြန်မာ့လွတ်လပ်ရေးအတွက် မနားမနေ ကြိုးပမ်းလုပ်ဆောင်ရန် ဇာတိမာန်၊ ဇာတိသွေးတက်ကြွစေသောစကားလုံးများဖြင့် ပြောင်မြောက်စွာ အောက်ပါအတိုင်း ပြောခဲ့သည်။

'အချင်းတို့၊ ငါတို့အမျိုးကား ရှေးလွန်အခါက ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်၊ ကိုယ့်ကျမ်း ကိုယ့်ပေ၊ လျှမ်းလျှမ်းဝေကာ အထွေထွေသော တိုင်းများနှင့် ရွှေလမ်း၊ ငွေလမ်း ဖောက်နိုင်ခဲ့သော်လည်း ယခုအခါကား ကြမ္မာဝင်နှောက် ကျွန်သပေါက်ဘဝသို့ ရောက်နေရပေသည်၊ သို့သော် ငါတို့သည် လက်မလျှော့ ၊အရှုံးမပေး၊ ငါတို့၏ မျှော်မှန်းတမ်းတရာ လွတ်လပ်ရေးစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မထောက်မကွေ့ တရွေ့ရွေ့ သွားမည်သာ၊ ရာဇဝင် အစောင်စောင်ဝယ် ထိုထိုသော အတိုင်းတိုင်းတို့သည် မိမိတို့ အသီးသီး၏ လွတ်လပ်မှုအတွက် အားကြိုးမာန်တက် ဆောင်ရွက်အောင်မြင်ခဲ့သည့် သက်သေ သာဓကတို့ကား အထင်ရှားပင် ဖြစ်တော့သည်၊ ငါတို့ အပေါင်းသည်လည်း ဤအကြောင်းထားအပ်သော လမ်းအတိုင်း အဘယ့်ကြောင့်လျှင် မလုပ်သင့်၊ မလုပ်နိုင်အံ့နည်း'

ထို့ပြင် မော်တင်စွန်း ဓီးချိုင့်ရွာ၌ 'လက်နက်ကိုင် သူပုန်ထကြွမှသာ လွတ်လပ်ရေးရနိုင်မည် ' ဟု စတင်ပြောကြားသည်။

## ၁၉၃၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

တို့ဗမာ အစည်းအရုံးဌာနချုပ်တွင် အလုပ်အမှုဆောင် အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌ သခင် ထိပ်တင် ကိုယ်တော်ကြီး ၊ ဒုဥက္ကဋ္ဌ သခင်လှဘော်၊အထွေထွေအတွင်းရေးမှူး သခင်ညီတို့ဖြင့်

ပြန်လည် ဖွဲ့စည်းသည်။ ထိုအဖွဲ့တွင် သခင်နုနှင့် သခင်အောင်ဆန်း တို့သည် ဝါဒ ဖြန့်ချိရေးမှူးများ ဖြစ်ကြသည်။

### ၁၉၃၈ ခုနှစ် ၊စက်တင်ဘာလ။

မြန်မာ့လွတ်လပ်ရေးအတွက် အချိန်ပြည့်လှုပ်ရှားရန် ဆုံးဖြတ်ပြီး ဥပဒေတွဲ့သင်တန်းသို့ ဆက်မတက်တော့ဘဲ ကျောင်းမှထွက်လိုက်သည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော နယူဘားမားသတင်းစာ အယ်ဒီတာဖွဲ့တွင် ခေတ္တ ဝင်ရောက်လုပ်ကိုင်သည်။

### ၁၉၃၈ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက်။

ကိုအောင်ဆန်းသည် ရန်ကုန်တက္ကသိုလ် သမဂ္ဂဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ သမဂ္ဂဥက္ကဋ္ဌ အဖြစ်မှလည်း လည်းကောင်း ကြိုတင် နှုတ်ထွက်ပြီး ကိုဘဟိန်း ၊ ကိုဘဆွေ (ထားဝယ်) နှင့် ကိုလှရွှေတို့ကို သူ၏ စာစဉ်များအား လွှဲအပ်ခဲ့၍ တို့ဗမာ အစည်းအရုံးသို့ဝင်သည်။ သူနှင့်အတူ ကိုလှဖေ (နောင် ဗိုလ်လက်ျာ) ၊ ကန်တော်လေးမှကျောင်းဆရာ ကိုသန်းထွန်းတို့သည်လည်း တစ်ပြိုင်တည်း တို့ဗမာအစည်းအရုံးသို့ ဝင်ကြသည်။ အလုပ်အမှုဆောင် အဖွဲ့ကလည်း သူတို့လေးဦးကို ချက်ချင်း အလုပ်အမှုဆောင်တာဝန် ပေးလိုက်သည်။

### ၁၉၃၈ ခုနှစ် ၊ နိုဝင်ဘာလ ၂၀-၂၂ ရက်။

တို့ဗမာအစည်းအရုံး၏ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင် အစည်းအဝေးကို ရွှေတိဂုံစေတီ၊ မော်လမြိုင် ဇရပ်တွင် ကျင်းပ၍ သခင် ဗဟိန်းနှင့်တကွ သာယာဝတီ ညီလာခံအတွက် ပြင်ဆင်နေကြသည့် တို့

ဗမာ အစည်းအရုံးဌာနချုပ် အမှုဆောင်တို့ကို ထုတ်ပယ်၍ ဌာနချုပ် အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ သခင် ထိပ်တင် ကိုယ်တော်ကြီး၊ ဒု ဥက္ကဋ္ဌ သခင်လှဘော်၊ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်း၊ အလုပ်အမှုဆောင်များအဖြစ် သခင်နုနှင့် သခင်သန်းထွန်းတို့ဖြင့် ပြန်လည်ဖွဲ့စည်းသည်။

### ၁၉၃၈ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက်။

အာဋ္ဌာဝက သခင်ဖိုးလှကြီး ခေါင်းဆောင်၍ အလုပ်သမား ၂၀၀၀ ခန့်ပါဝင်သော ရေနံမြေသပိတ် တပ်မကြီးသည် တူ၊ တံစဉ် ခတ်နှိပ်ထားသော သုံးရောင်ခြယ်အလံများကို လွင့်ထူ၍ ချီတက်ခဲ့ကြသည်။ မကွေးမြို့သို့ရောက်သော် နယ်ချဲ့လက်ပါးစေတို့၏ တားဆီးမှုကိုခံရသည်။

### ၁၉၃၈ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်။

တက္ကသိုလ်ကျောင်းသားများ ခေါင်းဆောင်၍ ရန်ကုန် ကျောင်းပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသား ၇၀၀၀ ခန့်သည် အတွင်းဝန်ရုံးကို ဝိုင်း၍ ဆန္ဒပြကြရာ ပုလိပ်များက နံပါတ်တုတ်များနှင့် ရိုက်၊ မြင်းစီး ပုလိပ်တို့က မြင်းနှင့် တိုက်ကြရာ ကျောင်းသူ၊ ကျောင်းသားများ တုံးလုံးပက်လက် လဲကုန်ကြသည်။

မြင်းစီး ပုလိပ်များ၏ လက်ချက်ဖြင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားကိုအောင်ကျော် အပါအဝင် ကျောင်းသား ၄၀ ကျော် ဒဏ်ရာရခဲ့သည်။

### ၁၉၃၈ ခုနှစ် ၊ ဒီဇင်ဘာလ ၂၂ ရက်။

ဗမာနိုင်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင်အဖွဲ့မှ ကြီးမှူး၍

မြန်မာတစ်နိုင်ငံလုံး အထွေထွေကျောင်းသားသပိတ်ကြီး စတင်မှောက်ခဲ့သည်။ ရန်ကုန်ဆေးရုံကြီးတွင် ဂျပ်ဆင်ကောလိပ်ကျောင်းသား ကိုအောင်ကျော်သည် ရရှိခဲ့သောဒဏ်ရာဖြင့် နေ့လယ်တစ်နာရီ ၂၅ မိနစ်တွင် ကွယ်လွန်သည်။

### ၁၉၃၈ ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်။

ရန်ကုန် ဌာနချုပ်မှ သခင် ဖေသန်း ၊ သခင်စိုး ၊သခင် တင်ဝင်းတို့နှင့် အတူ ကျောင်းသားသမဂ္ဂမှ ကိုဗဟိန်း၊ ကိုဗဆွေတို့ကလည်း မကွေးမြို့သို့ ရောက်ရှိကာ ရေနံမြေ သပိတ်တပ်မကြီးနှင့် ပူးပေါင်းကြသည်။

### ၁၉၃၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၃ ရက်။

ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းရှိ တို့ဗမာ အစည်းအရုံး တည်ရာဌာန မော်လမြိုင်ဇရပ်ကို ရဲဖြင့်ဝိုင်း၍ ဖမ်းဆီးရာ ဥက္ကဋ္ဌ သခင်ထိပ်တင် ကိုယ်တော်ကြီး ၊အတွင်းရေးမှူး သခင် အောင်ဆန်းအပါအဝင် တို့ဗမာ အစည်းအရုံးဝင် ၁၀ ဦး အဖမ်းခံရကာ ထောင်ဒဏ် ၁၅ ရက်ကျခံခဲ့ရသည်။ ဗြိတိသျှ အလိုတော်ရိ ဒေါက်တာဘမော် အစိုးရက ရန်ကုန် အရေးတကြီး လုံခြုံရေး အက်ဥပဒေအရ ဖမ်းဆီးထောင်ချခြင်းဖြစ်သည်။

### ၁၉၃၉ ခုနှစ် ၊ ဇန်နဝါရီလ ၃၀ ရက်။

အာလံ (ယခုအောင်လံ) ၌ နယ်ချဲ့လက်ပါးစေ ပုလိပ်လက်ချက်ဖြင့် ဗိုလ်ဘဖိုး ကျဆုံးသည်။

## ၁၉၃၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၇ ရက်။

ဗြိတိသျှအစိုးရ၏ တစ်ချက်လွှတ် ဥပဒေအရ အဖမ်းခံနေရသော ရန်ကုန်မြို့ ဌာနချုပ် တို့ဗမာအစည်းအရုံး အတွင်းရေးမှူးသခင်အောင်ဆန်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် သခင်သန်းထွန်း ၊ ဗမာ့လက်ရုံးတပ်ဗိုလ် သခင်ဘာဘာ ၊သခင် ကျော်စိန် ၊သခင်ဇကြည်၊ သခင်တင်တို့အား အာမခံဖြင့် ပြန်လွှတ်သည်။ သခင်နုမှာ တစ်လပြည့်ပြီးဖြစ်၍ ကွင်းလုံးကျွတ် လွှတ်သည်။

## ၁၉၃၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၀ ရက်။

ပုဒ်မ ၁၄၄ ကို စီတန်း လမ်းလျှောက် ဆန္ဒပြ ကန့်ကွက်ကြသော မန္တလေး အာဇာနည် ၁၇ ဦးတို့ နယ်ချဲ့စစ်ပုလိပ်တို့၏ လက်ချက်ဖြင့် ကွယ်လွန်သည်။ ။(သံဃာတော် ခုနစ်ပါး၊ ကျောင်းသားသုံးဦးနှင့် အရပ်သား ခုနစ်ဦး။) ဤတွင် ၁၃၀၀ ပြည့် အလုပ်သမား၊၊ တောင်သူလယ်သမားနှင့် ကျောင်းသားတို့၏ အရေးတော်ပုံကြီးသည် အုံကြွမှု အထွတ်အထိပ်သို့ ရောက်လာတော့သည်။ နိုးကြားသော အမျိုးသားစိတ်သည် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ပျံ့နှံ့သွားတော့ သည်။

## ၁၉၃၉ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက်။

ပြည်သူတို့ ရွံမုန်းလှသော ဒေါက်တာဘမော် ညွန့်ပေါင်းအစိုးရသည် ပါလီမန်၌ အယုံအကြည်မရှိ အဆိုဖြင့် ပြုတ်ကျသွားခဲ့ပြီး ရွှေကျင်ဦးပု ခေါင်းဆောင်သော အောက်ပါညွန့်ပေါင်း အစိုးရတက်လာသည်။

၁။ ဦးပု - နန်းရင်းဝန်

၂။ ဦးထွန်းအောင်ကျော် - ဘဏ္ဍာရေး

၃။ ဦးပေါ်ထွန်း - အခွန်တော်

၄။ မစ္စတာ အိပ်၊ စီ၊ ခူး - သစ်တောရေး

၅။ စောဘိုးချစ် - ပညာရေး

၆။ ဦးဘသော - ပြည်ထဲရေး

၇။ ဦးထွန်း - ကူးသန်းရောင်းဝယ်ရေး

## ၁၉၃၉ ခုနှစ်၊ ဧပြီလ ၆-၉ ရက်။

သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာစတုတ္ထအကြိမ်မြောက် ညီလာခံကို မော်လမြိုင်မြို့တွင် ကျင်းပသည်။ ညီလာခံကြီး၏ သဘာပတိအဖြစ် သခင်လှဘော်က ဆောင်ရွက်၍ အခမ်းနားမှူးအဖြစ် ဌာနချုပ် အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းက ဆောင်ရွက်သည်။

ညီလာခံတွင် တို့ဗမာ အစည်းအရုံး ဌာနချုပ် အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ သခင်လှဘော်၊ အထွေထွေ အတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းအပါအဝင် အဖွဲ့ဝင် ၁၇ ဦးကို ရွေးကောက်တင်မြှောက်သည်။ အထွေထွေ အတွင်းရေးမှူးသခင်အောင်ဆန်းသည် ဌာနချုပ် အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာကို တင်သွင်း ဖတ်ကြားသည်။ ထိုညီလာခံတွင် အဆို ၁၃ ခုကို တင်သွင်း၍ ဆုံးဖြတ်ချက်များကို ဆွေးနွေးအတည်ပြုသည်။

## ၁၉၃၉ ခုနှစ်၊ ဧပြီလ ၃၀ မှ မေလ ၅ ရက်။

တို့ဗမာအစည်းအရုံး၏ အလုပ်အမှုဆောင် အဖွဲ့အစည်း အဝေးကျင်းပကာ အလုပ်အမှုဆောင် အဖွဲ့ဝင်တို့ကို တာဝန်ခွဲဝေပေးအပ်သည် ။ မော်လမြိုင် ညီလာခံမှ ပြဋ္ဌာန်းချက်များဖြစ်သည့် အလုပ်သမား၊ တောင်သူလယ်သမား ၊ ကျောင်းသားနှင့် ဗမာ့လက်ရုံး တပ်ရေးကိစ္စများ ၊ ကုလား-ဗမာ အဓိကရုဏ်း အစီအရင်ခံစာပါ အချက်အလက်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။ ထိုအစည်းအဝေးမှ ဌာနချုပ် အထွေထွေ အတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းကို ရွေးချယ် တာဝန်ပေးသည်။

ထိုအချိန်မှစ၍ သခင်အောင်ဆန်းသည် နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အလုပ်အမှုဆောင် အဖွဲ့က ခန့်ထားတာဝန်ပေးခံရသော အထွေထွေအတွင်းရေးမှူးဘဝမှ သခင် ပါတီဝင်ထုကြီးက စည်းမျဉ်း စည်းကမ်းနှင့်အညီ ရွေးကောက်တင်မြှောက် တာဝန်ပေးခံရသော အထွေထွေ အတွင်းရေးမှူးဘဝသို့ရောက်သည်။

## ၁၉၃၉ ခုနှစ် ၊ ဩဂုတ်လ ၁၅ ရက်။

တို့ဗမာအစည်းအရုံး၏ ခေါင်းဆောင်တစ်စုဖြစ်သော သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်စိုး၊ သခင်ဘတင်(ခေါ်) မစ္စတာဂိုရှယ်တို့သည် အိန္ဒိယ ကွန်မြူနစ်ပါတီမှ မစ္စတာ ဒတ္တားနှင့် ဆက်သွယ်မိခဲ့၍ ရန်ကုန်မြို့ အရှေ့ပိုင်း ၄၉ လမ်းရှိ နဂါးနီ သခင်ထွန်းရွှေ၏အိမ်တွင် ကွန်မြူနစ်ပါတီကလာပ်စည်းကို လျှို့ဝှက်စွာ စတင်တည်ထောင်သည်။ ကွန်မြူနစ်ပါတီ ကလာပ်စည်း၏အမှုဆောင် ဖွဲ့မှာ-

၁။ သခင် အောင်ဆန်း - အထွေအထွေအတွင်းရေးမှူး

၂။ သခင်စိုး - လူထုခေါင်းဆောင်

၃။ ကိုရှယ် ခေါ် သခင် ဘတင် - စည်းရုံးရေးနှင့် လျှို့ဝှက်ရေး

၄။ သခင် လှဖေ (ဗိုလ်ကျော်) - ဘဏ္ဍာရေးမှူး

၅။ ကိုဗဟိန်း - ကျောင်းသားများနှင့် လူငယ်စည်းရုံးရေး

၆။ မစ္စတာ နာစ် - စာကြည့်တိုက်မှူးတို့ ဖြစ်ကြသည်။

မြေအောက် ကွန်မြူနစ်ပါတီ ဖွဲ့စည်းရန် စတင်ဆွေးနွေးစဉ်က သခင်သန်းထွန်း၊ ကိုသိန်းဖေ (သိန်းဖေမြင့်) နှင့် သခင် ကျော်စိန်တို့ ပါခဲ့သော်လည်း ဖွဲ့စည်းသောအခါတွင် အကြောင်းကြောင်းကြောင့် သူတို့ သုံးယောက် မပါတော့ချေ။

## ၁၉၃၉ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်။

ဗမာ့ထွက်ရပ်ဂိုဏ်း Burma Freedom Bloc ဖွဲ့စည်း၍ ယင်းအဖွဲ့၏ အတွင်းရေးမှူးဖြစ်လာသည်။ ဗဟို အလုပ်အမှုဆောင် အဖွဲ့မှာ -

၁။ ဒေါက်တာ ဘမော် - ဥက္ကဋ္ဌ

၂။ သခင်အောင်ဆန်း - အထွေထွေအတွင်းရေးမှူး

၃။ သခင် သန်းထွန်း - အဖွဲ့ဝင်

၄။ သခင်လှဘော် - အဖွဲ့ဝင်

၅။ သခင် မြ - အဖွဲ့ဝင်

၆။ သခင်နု - အဖွဲ့ဝင်

၇။ ဦးလှမင်း - အဖွဲ့ဝင်

၈။ ဒေါက်တာ သိန်းမောင် - အဖွဲ့ဝင်

၉။ ဗန္ဓုလ ဦးစိန် - အဖွဲ့ဝင်

၁၀။ ဦးဘရွှေ (မန္တလေး) - အဖွဲ့ဝင်

၁၁။ ဦးထွန်းအောင် - အဖွဲ့ဝင်

၁၂။ စောဖေသာ - အဖွဲ့ဝင်

၁၃။ ဦးဘဦး (မန္တလေး) - အဖွဲ့ဝင်တို့ ဖြစ်ကြသည်။

အဖွဲ့လေးဖွဲ့ ဖွဲ့သဖြင့် ရန်ကုန် စီရင်စုမှ သခင်များနှင့် သခင်အမတ် သခင်အံ့ကြီးက ကန့်ကွက်သောကြောင့် မန္တလေးမြို့တွင် A.B.Cအစည်းအဝေးကျင်းပပြီး ကန့်ကွက်သူများ လက်ခံလာအောင် သခင် အောင်ဆန်းက နားချခဲ့ရသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်လိုက်ပြီးနောက် အချက်ခုနစ်ချက်ပါဝင်သော ကြေညာချက်ကို ပြဋ္ဌာန်း၍ ထိုကြေညာချက်အတိုင်း ထွက်ရပ်ဂိုဏ်းခေါင်းဆောင်တို့သည် တစ်နိုင်ငံလုံးတွင် ဟောပြောရန် စီမံသည်။

ထိုစဉ်က နိုင်ငံရေးဟောပြောချက်များတွင် စစ်နှင့်စပ်လျဉ်း၍ ဟောပြောလှုံ့ဆော်ခြင်းမပြုရန် အစိုးရက ကာကွယ်ရေး ဥပဒေအရ တားမြစ်ထားသည်။ သို့သော် ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်တို့သည် အစိုးရအာဏာကို ဖီဆန်သော သဘောဖြင့် ယင်း ကြေညာချက်ကို လူသိရှင်ကြား ဖတ်ပြရန် စီစဉ်ကြသည်။

ထို့ပြင်နယ်ချဲ့စနစ်အရ နယ်ချဲ့စစ်မှန်သမျှ အားမပေးထိုက်ဟု စစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို ထွက်ရပ်ဂိုဏ်း ခေါင်းဆောင်များသည် အထူးလှုံ့ဆော် ဟောပြောခဲ့ကြသည်။ ထိုသို့ ဟောပြောခြင်းကြောင့်

ထွက်ရပ်ဂိုဏ်းခေါင်းဆောင် ဒေါက်တာသိန်းမောင် အဖမ်းခံရသည်။ ထို့နောက် မကြာမီ အစိုးရက ဒေါက်တာသိန်းမောင်ကို ပြန်လွှတ်ပေးသည်။

## ၁၉၃၉ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက်။

ဗြိတိသျှ အစိုးရအား ဆန့်ကျင်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် မြေအောက် တော်လှန်ရေးအဖွဲ့ (Underground Unit)၊ နောင် ပြည်သူ့ အရေးတော်ပုံ ပါတီ(The Peope’s Revolutionary Party)၊ ထို့နောက် ဗမာပြည် ဆိုရှယ်လစ်ပါတီ (Burma Socialist Party) ကို ဖွဲ့စည်းခဲ့သည်။

## ၁၉၄၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၁ ရက်။

တို့ဗမာအစည်းအရုံး၏ ဥာနချုပ်၊ အထွေထွေ အတွင်းရေးမှူး သခင်အောင်ဆန်းသည် နာယက ဆရာကြီး သခင်ကိုယ်တော်မှိုင်း ၊ အခြားသော ဥာနချုပ် အမှုဆောင်များနှင့်အတူ တောင်ငူမြို့၊ အမျိုးသားကျောင်းဝင်းအတွင်း၌ ကျင်းပသော ဒုတိယအကြိမ်မြောက် ဗမာနိုင်ငံလုံး ဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး(ဗတလစ) ညီလာခံကြီးသို့ တက်ရောက်သည်။ ထိုညီလာခံမှ လယ်သမားအရေးနှင့် ဗမာ့လက်ရုံး တပ်ဖွဲ့များ အရေးဆိုင်ရာ ကိစ္စ ကိုးခုကို ဆွေးနွေးဆုံးဖြတ်ကြသည်။

## ၁၉၄၀ ပြည့်နှစ် ၊ ဇန်နဝါရီလ။

သခင်အောင်ဆန်းသည် ဒေါက်တာဘမော်အား လက်နက်ကိုင်ပုန်ကန်ထကြွရေး စီမံချက်ကို ဖွင့်ပြောပြသည်။ ထိုအခါ ဒေါက်တာဘ

မော်သည် ဂျပန်ထံမှ အကူအညီရမည် ဖြစ်ကြောင်း ပြောဆိုသည်။

**၁၉၄၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၂၆ ရက် မှ ဖေဖော်ဝါရီလ ၁ ရက် အထိ။**

မန္တလေးမှ ဆင်းလာသော သံဃာ့ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးအဖွဲ့ အစည်းအဝေးသို့ သခင်အောင်ဆန်း တက်ရောက်သည်။

*